# မင်းသုံးပါးပွဲတော်ကြီးနေ့

ရှင်မာတေဦး ၂း ၁ - ၁၂

ယနေ့ဖတ်ရတဲ့ ဧဝံဂေလိကျမ်းစာမှာ အရှေ့တိုင်းပြည်က မင်းပညာရှိသုံးပါးဟာ ဖွါးမြင်တော်မူတဲ့ဘုရင် သူငယ်တော်ယေဇူးကို ရှာဖွေဖို့ မရေရာတဲ့ခရီးရှည်ကြီးကို ထွက်လာကြပါတယ်။ သူတို့တိုင်းပြည်မှာ သူတို့ အေးအေးဆေးဆေး ဇိမ်ကျကျနဲ့ လုံလုံခြုံခြုံ နေနိုင်ရဲ့သားနဲ့ အခု အဲဒါတွေကို စွန့်လွှတ်ပြီးတော့ ခရီးထွက်လာခဲ့ကြတယ်။ သူတို့ စိတ်ထဲက ဖူးမျှော်ချင်လွန်းလို့သာ ခရီးထွက်လာရတာ လမ်းခရီးက မလွယ်ဘူး။ ဒါပေမဲ့ ရိုးသားတဲ့စိတ်နှလုံးနဲ့ မျှော်လင့်ပြီးတော့ ခရီးထွက်ခဲ့ကြပါတယ်။

ကျနော်တို့ လူတိုင်းလည်း ဘဝမှာ တစ်ခုခုတော့ ရှာဖွေနေကြတာပဲ။ အခြေခံအားဖြင့်တော့ ပျော်ရွှင်မှုကို ရှာနေကြတယ်လို့ ပြောရင် မမှားပါဘူး။ “ငါကတော့ ဒီစီးပွါးရေးအောင်မြင်ရင်တော့ ငါပျော်မှာပဲ” “ငါကတော့ ဒီစာမေးပွဲအောင်ရင်တော့ ငါမျှော်ထားတဲ့အလုပ် ရပြီး ဝင်ငွေကောင်းကောင်းနဲ့ ပျော်မှာပဲ” စသဖြင့်နဲ့ ရှာဖွေနေကြတယ်။ အဲလို ကိုယ်လိုချင်တာရပြီးရင် တကယ်ရော ပျော်ကြရဲ့လားလို့ ပြန်စမ်းစစ်ကြည့်ရင် မပျော်ပါဘူး။ ဘဝမှာ အောင်မြင်ပြီးတော့ ချမ်းသာတဲ့လူတိုင်း ပျော်ကြသလား လိုက်ကြည့်၊ မပျော်ပါဘူး။ အဆင်တော့ပြေနေတာပဲ ဒါပေမဲ့ မပျော်ပါဘူး။ ပျော်တယ်/မပျော်ဘူး ကိစ္စက အပြင်က အောင်မြင်မှုနဲ့ မဆိုင်ဘူး။ ကိုယ့်စိတ်အတွင်းက ကိစ္စပါ။ ကိုယ့်ဘဝရဲ့အဓိပ္ပါယ်ကို သိတဲ့လူဆိုရင် ပျော်တယ်။ “ငါ အသက်ရှင်နေတာက ဒီအတွက် အသက်ရှင်နေတာ၊ ဒါကြောင့် အဓိပ္ပါယ်ရှိရှိ ရှင်နေရလို့ နေ့တိုင်းပျော်တယ်။ ဆင်းရဲသည်ဖြစ်စေ/ ချမ်းသာသည်ဖြစ်စေ မဆိုင်ဘူး။ သူ့ဘဝသူ အဓိပ္ပါယ်ရှိရှိ နေ့တိုင်း လျှောက်လှမ်းနေတယ်။ နေ့တိုင်း ချစ်နေတယ်၊ နေ့တိုင်း ကူညီ ပံ့ပိုး အထောက်အကူပြုနေတယ်။ ဒါကြောင့် သူ့ဘဝက သူ့အတွက်/ သူတစ်ပါးအတွက် အကျိုးရှိနေလို့ အထောက်အကူပြုနေလို့ ပျော်ရတာပါ။

လူ့ဘဝရဲ့အဓိပ္ပါယ်ပေးနိုင်တာက ဘုရားပါ၊ လူ့ဘဝမှာ ဘယ်လိုချစ်ရမလဲလို့ သင်ပေးနိုင်တာက ဘုရားရဲ့တရားတော်တွေပါ။ လူ့ဂုဏ်သိက္ခာကို တွေ့မြင်နိုင်တာကလည်း ဘုရားကြောင့်မို့ပါ။ လူ့ဘဝရဲ့ပန်းတိုင်ကို သိမြင်မျှော်လင့်နိုင်တာကလည်း ဘုရားကြောင့်မို့ပါ။ ဒါကိုသိတဲ့ မင်းပညာရှိသုံးပါးက လူ့ဘဝမှာ မတွေ့မဖြစ် ဖူးတွေ့ရမည့်သူကတော့ဘုရားပဲဆိုတာ သိကြတယ်။ လူ့ဘဝမှာ လူဖြစ်ရကျိုးနပ်ဖို့အတွက် အဲဒီဘုရားကို ရှစ်ခိုးကိုးကွယ်မှဖြစ်မှာဆိုတာ သူတို့ နားလည်ကြတယ်။ ဒါကြောင့် ဘယ်လောက်ခက်တဲ့ လမ်းခရီးဖြစ်နေပါစေ စွန့်စားရဲကြတာပေါ့။

လောကမှာ ဘုရားကို မရှာဖွေပဲ အတုအယောင်ပျော်ရွှင်မှုရဲ့နောက်ကို လိုက်ရှာကြရင်းနဲ့ လမ်းမှားကို ရောက်တတ်ကြပါတယ်။ ဘုရင် ဟေရုဒ်မင်းကို ကြည့်ပါ့လား။ သူရှာဖွေတာက သူ့ရဲ့အာဏာ၊ လောကစည်းစိမ်၊ ရွှေငွေဥစ္စာ၊ ကာမဂုဏ်ခံစားမှုတွေပါပဲ။ အဲဒါတွေ ရမယ်ဆိုရင် ပျော်မှာပဲလို့ သူထင်နေခဲ့တယ်။ တကယ်တမ်း အဲဒါတွေ ရရှိပိုင်ဆိုင်ပြီး သူ့ရင်မှာ ဘုရားမရှိတော့ သူ ပျက်စီးတာပါပဲ။ သဲကန္တာရထဲ ခရီးသွားနေတဲ့လူတွေ တွေ့ကြုံနေကျ အဖြစ်အပျက်တစ်ခုလိုပါပဲ။ သဲကန္တာရထဲမှာ အဝေး ခပ်လှမ်းလှမ်းက ကြည့်လိုက်ရင် ရေမျက်နှာပြင်လို့ ထင်နေကြတယ်။ အဲဒါက

တကယ်တမ်းတော့ သဲတွေအပေါ်မှာ နေပူလွန်းလို့ အခိုးအငွေ့ထွက်ပြီးတက်လာတာပါ။ ဒါကြောင့် ဗမာအဆိုမှာ "တံလျှက်ကို ရေထင်၊ ရွှေသမင် အလိုက်မှား" ဆိုတဲ့စကား ဖြစ်လာတာပေါ့။ အဲလို အလိုက်မှားရင် ကိုယ်ဆန္ဒဖြစ်တဲ့ "ရေငတ်မပြေ" ရေပိုငတ်တာပဲဖြစ်လိမ့်မယ်။ ဒါကြောင့် မင်းကြီးသုံးပါးက လူ့ဘဝရဲ့အရေးကြီးဆုံးဖြစ်တဲ့ဘုရားကို ရှာဖွေကြတာပါ။

သူငယ်တော်ဆီကို ရောက်ကြတဲ့အခါ ချမ်းသာကြွယ်ဝတဲ့ နန်းတော်ကြီး မဟုတ်ပါဘူး။ သေးငယ်တဲ့၊ ဆင်းရဲတဲ့ ၊ ဘာမျှမထည်ဝါတဲ့ နွားတင်းကုပ်လေး ဖြစ်နေပါတယ်။ယနေ့ ဧဝံဂေလိကျမ်းစာမှာ မင်းကြီးသုံးပါးတို့ သူငယ်တော်ဆီကို ရောက်ကြတဲ့အခါ ဝမ်းမြောက်ကြတယ်ဆိုတာ သိရပါတယ်။ "သူတို့သည်လည်း ကြယ်ရပ်တန့်သွားသည်ကို မြင်ကြသောအခါ အလွန်ပင် ဝမ်းမြောက်ကြလေ၏" တဲ့။ ဆက်ဖတ်ကြည့်မယ်ဆိုရင် "ထို့နောက် သူတို့သည် အိမ်ထဲသို့ ဝင်ကြသောအခါ သူငယ်တော်ကို သူ၏မယ်တော်မာရီယာနဲ့အတူ တွေ့မြင်ကြ၍သူ့ကို ပျပ်ဝပ်ရှိခိုးကြလေ၏" တဲ့။ သူတို့တိုင်းပြည်အသီးသီးမှာ ဘုရင်ကြီးတွေဖြစ်နေကြပေမဲ့ ဘုရားရှေ့မှာ စိတ်နှိမ့်ချပြီး ပျပ်ဝပ်ရှိခိုးကိုးကွယ်ကြတာကမှ တကယ့်ပျော်ရွှင်ခြင်းအစစ်ပါပဲ။ သင် ဘယ်လောက်ပဲ ချမ်းသာချမ်းသာ၊ ဘယ်လောက်ပဲ အောင်မြင်အောင်မြင် ဘုရားကို ရှစ်ခိုးကိုးကွယ်မှ ပျော်ရွှင်နိုင်မယ်။ သူတို့က ဘုရားဆီကို လာတာက ရချင်လို့ မဟုတ်ပဲ ပေးချင်လို့ ပူဇော်ချင်လို့ဖြစ်ပါတယ်။ ဒါကြောင့် "ထို့နောက် သူတို့သည် မိမိတို့၏အဖိုးတန်ပစ္စည်းများကို ဖွင့်ကြပြီး ရွှေ လောဗန် နှင့် မီးရားတို့ကို လက်ဆောင်အဖြစ် သူ့အား ဆက်ကပ်ကြ၏။" တဲ့။ ရွှေကို ပေးရတဲ့ရည်ရွယ်ချက်ကတော့ ဒီသူငယ်တော်ဟာ ဘုရင်တကာတို့ရဲ့ဘုရင် ဖြစ်လို့ ရွှေကို ပေးရတာပါ။ လော်ဗန်ကို ပေးရတာကတော့ ဒီသူငယ်တော်ဟာ ပူဇော်ထိုက်တဲ့ဘုရား၊ သူ့ထံမှာ ဆုတောင်းမေတ္တာပြုထိုက်တဲ့ဘုရားဖြစ်တော်မူတယ်ဆိုတာ ယုံကြည်ဝန်ခံတဲ့သဘောပါ။ မီးရားဆိုတာကတော့ လူတွေသေတဲ့အခါ လိမ်းတဲ့အမွှေးအကြိုင်ပါ။ အဲဒီ မီးရားဆိုတဲ့အမွှေးအကြိုင်ကို ပေးရတာက ဒီသူငယ်တော်ဟာ ဒုက္ခခံထမ်းမယ့်သူဆိုတာ ဖော်ပြပါတယ်။

ဘာသာသူတို့ ကျနော်တို့ ဘဝတွေမှာလည်း ရှာဖွေမှုအမျိုးမျိုးရှိကြပါတယ်။ ပညာ ရှာကြတယ်၊ ဥစ္စာ ရှာကြတယ်။ စီးပွါး ရှာတယ်။ အဲဒီရှာဖွေမှုတွေအားလုံး မှန်ကန်တဲ့ရှာဖွေမှုတွေ ဖြစ်ဖို့ ဘုရားတရားရေးကို လက်ဆုပ်လက်ကိုင် ထားရမယ်။ ဆိုလိုတာက ပညာရှာတာ မမှားပါဘူး၊ "ငါ ပညာတတ်ကြီးဖြစ်အောင် ကျိုးစားမယ်၊ ငါ ပညာတတ်တဲ့အခါ မတတ်တဲ့လူတွေကို ကူညီမယ်" ဆိုတဲ့ ဘုရားရဲ့တရားသဘောထား ရှိရပါမယ် ဒါမှ မှန်ကန်မယ်။ ငါ ကျိုးစားပြီးစီးပွါးရှာမယ်၊ ဒါမှ ငါ ချမ်းသာတဲ့အခါ ဆင်းရဲသားတွေကို ကူညီမယ်ဆိုတဲ့တရားသဘော ရှိရမယ်။ ဒါမှ မှန်ကန်မယ်၊ ဒါမှ အဓိပ္ပါယ်ရှိမယ်၊ ဒါမှ ပျော်နိုင်မယ်။

ဒါကြောင့် ကျနော်တို့တစ်ယောက်ဆီ ရှာဖွေနေကြတာတွေက ဘာတွေ ရှာဖွေနေကြတာလဲဆိုတာ စမ်းစစ်ကြည့်ကြပါ။ ကောင်းတဲ့ရှာဖွေမှုတွေ ဖြစ်ကြဖို့ ပြန်လည် စမ်းစစ်ကြစို့၊ အရေးကြီးဆုံးက ကိုယ့်ဘဝထဲမှာ ဘုရားကို ရှစ်ခိုးကိုးကွယ်နိုင်ဖို့အတွက် ဘုရားရဲ့လမ်းညွှန်ချက်တရားတွေ ခံယူနိုင်ဖို့အတွက် ဘုရားကို ဦးစားပေး ရှာဖွေပါ။ တွေ့တဲ့အခါ လယ်ထဲမှာ ဝှက်ထားတဲ့ဘဏ္ဍာကို တွေ့ခဲ့ရတဲ့လူလိုပဲ သင်ဟာ သူမတူတဲ့ ဝမ်းမြောက်ခြင်းကို ခံစားရလိမ့်မယ်။ ဘဝကို အားတက်သရော လျှောက်လှမ်းဖို့ ခွန်အားတွေ ရရှိပါလိမ့်မယ်။